This project is funded by the European Union

Network Activities Group

Trócaire
Working for a just world.

# “မန်ပန်ဒေသ၏ လင်းရောင်ခြည်”

ရှမ်းပြည်နယ်၊ တန့်ယန်းမြို့၊ မန်ပန်ဒေသတွင် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG) သည် EU၊ Trocaire ၏ ပံ့ပိုးမှုဖြင့် ၂၀၁၇ မှစ၍ “လူထုစွမ်းဆောင်မှုဖြင့် အခွင့်အလမ်းများတိုးတက်ရရှိစေရေးစီမံကိန်း(ECRG)”ကို အကောင်အထည်ဖော်လျက်ရှိသည်။

မန်ပန်ဒေသသည် တန့်ယန်းမြို့နှင့်အလှမ်းဝေးသည့်အပြင် ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အဦလိုအပ်ချက်များ၊ လူမှုရေးဝန်ဆောင်မှု အားနည်းခြင်းများအပြင် လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးများနှင့် လူမှုရေး၊ ကျန်းမာရေးလိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများထံ ဖော်ပြတောင်းဆိုရမှန်းလည်း မသိရှိ၊ နားမလည်ခဲ့ကြပါ။

မန်ပန်ဒေသ၊ ဝိန်းဟိန်ကျေးရွာတွင် နေထိုင် သော အသက် ၂၃ နှစ်အရွယ် **မနန်းအေးလိတ်**သည် မိသားစု ဝင် ၃ ဦးနှင့်အတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကာ အသက်မွေးဝမ်းကျောင်း ပြုနေသူတစ်ဦးဖြစ်သည်။ သူမသည် စိတ်အားထက်သန်မှု၊ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် စီမံကိန်းမှ ဖွဲ့စည်းထားသော မန်ပန်ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း (MPDA) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်လာသည်။

အဖွဲ့ဝင်တစ်ဦးအနေဖြင့် စီမံကိန်းမှ ဦးဆောင်ပြုလုပ်သည့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်း၊ လူ့အခွင့်အရေးဆိုင်ရာ အမြင်ဖွင့်သင်တန်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးသင်တန်း၊ ဆရာဖြစ်ဆင့်ပွားသင်တန်း၊ လယ်ယာ မြေဥပဒေနှင့်မြေယာပိုင်ဆိုင်မှုအခွင့်အရေးဆိုင်ရာသင်တန်း၊ ဆန္ဒမဲပေးခြင်းဆိုင်ရာအသိပညာပေးသင်တန်း၊ ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာတားဆီးရေးပညာပေးသင်တန်း၊ ကျွဲ၊ နွားကာကွယ်ဆေးထိုးခြင်းဆိုင်ရာ အကူလုပ်သားသင်တန်း၊ အမျိုးသမီးများ ၁၆ရက်တာလှုပ်ရှားမှု Forumများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင်လည်းတက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည်။

အကျိုးရလဒ်အနေဖြင့် သူမသည် စီမံကိန်းဝင်ကျေးရွာ ၅ ရွာရှိ ကျွဲ၊ နွားကောင်ရေ ၂၅ ကို ကိုယ်တိုင် ကာကွယ်ဆေးထိုးပေးခြင်း၊ ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ ကာကွယ်ဆေးထိုးရမည့် ကာလအပိုင်းအခြားများစသည့် ဗဟုသုတများကိုလည်းကောင်း၊ စိုက်ပျိုးရေးအသိပညာဗဟုသုတများကို စပါး၊ ပြောင်း၊ မြေပဲစိုက်တောင်သူများသို့ လည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာအသိပညာများ၊ ဘေးကင်းသောရွှေ့ပြောင်းသွား လာခြင်းဆိုင်ရာ ဗဟုသုတများ စသည်တို့ကို ကျေးရွာလူထုသို့ မျှဝေပေးခြင်းများပြုလုပ်ခဲ့သည်။



**“MPDA အဖွဲ့ဝင်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်အကောင်းဆုံး ကြိုးစားသွားမယ်၊ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ရာ ဒေသခံများရဲ့တာဝန်ပဲဖြစ်တယ်။”**

ထို့အပြင် သူမသည် ကျေးရွာအဆင့်/ ကျေးရွာအုပ်စုအဆင့်/ သုံးလပတ်အစည်းအဝေးများ၊ တန့်ယန်းမြို့နယ်ဌာနဆိုင်ရာအစည်းအဝေးများတွင် MPDA အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပေးခြင်း၊ ကျေးရွာ၏ လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြတောင်းဆိုနိုင်ခြင်းနှင့် တန့်ယန်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး ဝိန်းဟိန်ကျေးရွာဆိုလာမီးရရှိရေးတို့ကို စီမံကိန်း၏ ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာလူထုနှင့်ပူးပေါင်းကာ လုပ်ဆောင်ခြင်း၊ ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်သွယ်ခြင်း၊ ကျေးရွာဆက်လမ်းနှင့် တံတားပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာအမြောက်အများတွင် လုပ်ဆောင်ခဲ့သည်။

ဝိန်းဟိန်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်း၍ မန်ပန်-ဝိန်းဟိန် ဆက်သွယ်ရေးလမ်းရှိ သစ်သားတံတားကို စီမံကိန်းမှ ပံ့ပိုးသည့်ရန်ပုံငွေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (VDC) မှ ရန်ပုံငွေများပူးပေါင်း၍ ကွန်ကရစ်တံတားအဖြစ် ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။

**ရေးသားပြုစုသူ**

**ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (NAG)**

**info@nagmyanmar.org, www.nagmyanmar.com**